ကုန်းသာကျေးရွာ
ကုန်းသာကျေးရွာအုပ်စု၊ ရေဦးမြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကုန်းသာကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေဦးမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

မတ်လ၊ ၂၀၁၉

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

ကုန်းသာကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်ကုန်းသာ ကျေးရွာအုပ်စု၊ ရေဦးမြို့နယ်မြောက်ဘက်၊ရေဦး–တင်းတိမ်ယံဆက်သွယ်ဖောက်လုပ်ထားသောမူးဘောင်DY–4 မြောင်းလက်တန်ဘေးတွင် တည်ရှိ ပါသည်။ ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီး မိုးတွင်းကာလ မိုးများချိန်တွင်ကျေးရွာအလယ်လမ်းမှာမြေသားလမ်းဖြစ်နေသည့်အတွက် ရွံ့ဗွက်များရှိနေ၍သွားလာရေး ခက်ခဲပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၃၅)ခန့် ရရှိသည်။မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်(၉၆၉.၃၇)ဧက၊ ရှိပြီးနွေစပါး/မိုးစပါးနှင့်ကုလားပဲတို့ကိုသီးထပ် စိုက်ပျိုးနိုင် ကြသည်။ ကျေးရွာအနီးတွင်ဆည်ရေပေးရေးမှ မြောင်းလက်တန်ရှိသောကြောင့်ရေတင်စက်များအသုံးပြု၍ ရေသွင်းစိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင် နိုင်သည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်း ကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။အမျိုးသမီး/သားလူငယ်အဖွဲ့၊ချက်ပြုတ်ရေး**အဖွဲ့**၊ဘုန်းတော်ကြီး ကျောင်းဂေါပကအဖွဲ့၊ လျှပ်စစ်မီးလင်းရေးအဖွဲ့တို့ဖြစ်သည်။မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆောင်ရွက်မှု အတွက်ချမ်းသာကျေးရွာအုပ်စုချမ်းသာကျေးရွာရှိကျန်းမာရေးဝန်ထမ်းမှလာရောက်ဆေးထိုးသည့်အတွက်ကိုယ်ဝန်ဆောင်မိခင်များ အခက်အခဲမရှိကြောင်း တွေ့ရပါ သည်။ ကျေးရွာလူငယ် အဖွဲ့သည် ရပ်ရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုဝိုင်းဝန်းဆောင်ရွက်ပါသည်။ ကျေးရွာတွင် သာရေးနာရေးလူမှုရေးကိစ္စကြီး ငယ်ပေါ်ပေါက်လျင်ရွာသားများစည်းလုံးညီညွတ်စွာဝိုင်းဝန်းဆောင်ရွက်သောအလေ့အကျင့်ကောင်းများရှိပါသည်။ပြင်ပမှ အသေးစားချေးငွေအဖွဲ့များနှင့် အစိုးရ မဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော ကျေးရွာအဖွဲ့ မရှိပါ။ ခြံငုံ၍သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာ ဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ်ဆောင်ရွက်ခြင်းမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။မိုးရာသီတွင်နှစ်စဉ်နွေစပါး/မိုးစပါးစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး ဖြစ်၍ မိုးရာသီတွင် မိုးစပါးနှင့်

ဆောင်းရာသီတွင်လည်းဆောင်သီးနှံများစိုက်ပျိုးကြပါသည်။ကျေးရွာတွင်မိုးစပါးစိုက်ပျိုးလယ်ကွက်များ ပေါ်တွင်နှမ်းနှင့်ကုလားပဲကိုလည်းသီးထပ်အဖြစ်စိုက်ပျိုးကြသည်။နှစ်စဉ်ကျေးရွာမှမိုးစပါးတင်းရေ(၁၅၀၀၀၀)၊ ကုလားပဲတင်းရေ(၃၀၀၀)၊ခန့်ထွက်ရှိသည်။နွေစပါးအထွက်နှုန်းမှာသွင်းအားစုပြည့်စုံစွာထည့်သွင်းပါ(၈၀) တင်းဖြစ်၍ သီးထပ်ရင် စပါးမျိုးကို အသုံးပြု စိုက်ပျိုးကြသည်။ မိုးစပါးကိုဇူလိုင်၊ ဩဂုတ်လများတွင် စတင်စိုက်ပျိုးလေ့ရှိပြီး နိုဝင်ဘာလ တွင် ရိတ်သိမ်းကြသည်။ မိုးစပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၆၀)တင်း ဖြစ်သည်။

စပါးနှင့်ကုလားပဲ ၊စိုက်ပျိုးသောကြောင့် ဈေးကောင်းရ၍စိုက်ပျိုးသည့် လယ်သမားများမှာအကျိုးအမြတ်များအလယ်အလတ်ရရှိပါသည်။မိရိုးဖလာစိုက်ပျိုးလာသောဖော်ပြပါသီးနှံများကိုသာစိုက်ပျိုးနိုင်ကြပြီး အခြားဈေးကွက်ဝင်သီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိ သော်လည်း သီးနှံထုတ်လုပ်မှုမှ ဝင်ငွေကောင်းသည့်အတွက် လူငယ်များသည် ပြင်ပသို့ ထွက်၍ ဝင်ငွေရှာကြခြင်းမရှိပါ။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

မူဘောင်မှကျေးရွာအဝင်တွင်မူလတန်းကျောင်းရှိပြီးမိုင်ဝက်ခန့်ဝေးသောချမ်းသာကျေးရွာတွင်သောနေရာတွင်အထက်တန်းစာသင်ကျောင်းရှိပြီးကျေးရွာနှင့်(၇)မိုင်ခန့် ဝေးသောနေရာ တွင် ရှိသောရေဦးမြို့တွင်လည်းအထက်တန်းရှိသည့်အတွက်သွားရောက်ကျောင်းတက်ရပါသည်၊ ကျန်းမာရေး စောင့်ရှောက်မှုအတွက်လည်း ရေဦးမြို့သို့ လာရောက်ရပါသည်။

ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီကို(၂၀၁၃)နှစ် တွင်ကိုယ်ထူကိုယ်ထမီးလင်းရေးဆောင်ရွက်ရန်ဖွဲ့စည်းခဲ့သည်။ကျေးရွာအအိမ်ထောင်စုများမှစရိတ်ထည့်ဝင်ပြီးမြို့နယ်လျှပ်စစ်ဌာန သို့တင်ပြ၍ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးကို မဟာဓါတ်အားလိုင်းမှ တဆင့်ဆောင်ရွက်ထားရာ အိမ်ထောင်စု(၂၇၃)စုမှ (၁၀၆)အိမ်မှာမဟာဓါတ်အားလိုင်းမှရယူထားပြီး(၁၀၄)အိမ်မှာဆိုလာစနစ်အသုံးပြုပြီး (၄၆)အိမ်အခြားနည်းဖြင့် သုံးစွဲနေရပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးရေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများ အတွက်လိုအပ်သောချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင်(၁၅၀၀၀၀) ကျပ်နှုန်းဖြင့် ငွေ ထုတ်ချေး ပြီး ပုံစံ(၇)များကိုအပေါင်ပေးထားရပါသည်။

(င) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသား အများစုသည်အခြေခံအရေး၊အဖတ်၊အတွက်တို့ကိုတတ်မြောက်ကြပြီးတက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများ လည်းရှိပါသည်**ကျေးရွာနှင့်မိုင်ခန့်ဝေးကွာသောနေရာတွင်ရှိသောအထက်တန်းသို့လာရောက်တက်ရပါသည်။**

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ စပါး၊ ဟင်းသီးဟင်းရွက်ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိခြင်း၊အလုပ်အကိုင်အထိုက်အလျောက်အဆင်ပြေခြင်း၊မိသားစုများဝမ်းစာအတွက်နေ့စဉ်ဝင်ငွေ အသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေး သူငယ်များ အပါအဝင်ယေဘုယျအားဖြင့် အာဟာရဓာတ် ချို့တဲ့မှုမရှိကြပါ။ အမျိုးသမီးများ အတွက် ကျန်းမာရေး စောင့်ရှောက်မှုကိုကျေးရွာနှင့် (ဖ)ဖာလုံကွာဝေးသောပန်းကုန်းကျေးရွာ**သို့လာရောက်ရပါသည်။**ကလေးသူငယ်များအတွက် ကျန်းမာရေး ကာကွယ်ဆေးတိုက်ကျွေးသောအစီအစဉ်များကို ကျန်းမာရေးဌာနမှနှစ်စဉ်ဆောင်ရွက်ပေးပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှလယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်း၊ ဓါတုဗေဒ ကွန်ပေါင်း မြေဩဇာများအသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ်မထည့်သွင်နိုင်ခြင်း တို့ကြောင့်မြေဆီလွှာ ပျက်ယွင်းမှုများနှင့်ကြုံတွေ့နေရသည်။ ပိုးသတ်ဆေးများအသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့ပါးရေး အတွက်၊ ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းတွင်အားနည်း သေးကြောင်း တွေ့ရှိရပါသည်။

(ဇ) ကျား – မ ရေးရာ

ကျား/မဆိုင်ရာအခွင့်အရေးအနေဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အမျိုးသားများကဦးဆောင် လေ့ရှိပြီး အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများ လုပ်ကိုင်ရသည့်အပြင် စိုက်ပျိုးရေး လုပ်ငန်း များတွင်လည်း ပါဝင်ဆောင်ရွက်ပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း ၊ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်း စသည့် လုပ်ငန်းများ လုပ်ကိုင် ကြသည်။ ဘာသာရေးအထိမ်းအမှတ်ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် (ရှင်ပြုအလှူပွဲများ ကျင်းပခြင်း၊ ဘုန်းတော်ကြီး ကျောင်းဆရာတော်၏ ဦးဆောင်မှုဖြင့်တရားပွဲများကျင်းပခြင်း)အမျိုးသမီးများသည်အမျိုးသားနှင့် အတူ ပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင်အမျိုးသားများသည်အမျိုးသမီးများထက်လုပ်အားခ

ပိုမိုရရှိကြသည်။ဒေသတွင်းအုပ် ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေ သေးကြောင်းတွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူအခွင့်အရေး ရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ကျေးလက်ဦးစီးဌာနနှင့်ပူး ပေါင်း၍မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ်အဆင့် မြှင့် တင်ရန်	ပထမဦးစားပေး
၂	စိုက်ပျိုးရေး	စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ် ဆက်၍နည်းပညာအကူအညီများ ရယူခြင်း	ဒုတိယဦးစားပေး
၃	စိုက်ပျိုးရေး	ဆည်မြောင်းဦးစီးဌာနသို့ ရေကြောင်းဖြောင့်ပေးရန်နှင့် ဘောင်တင်ပေးနိုင်ရန် တင်ပြခြင်း	တတိယဦးစားပေး
၄	ပညာရေး	ပညာရေးဌာနသို့မူလတန်းလွန် ကျောင်းအဆင့်တိုးမြှင့်ရန်အတွက် တင်ပြတောင်းခံခြင်း	စတုတ္ထဦးစားပေး
၅	ကျန်းမာရေး	သက်ဆိုင်ရာကျန်းမာရေးဌာနသို့ ကျေးလက်ဆေးပေးခန်း ရရှိရန် တင်ပြခြင်း	ပဉ္စမဦးစားပေး
၆			
၇			

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက်အထောက်အကူ ဖြစ်စေမည့် ပိုင်ဆိုင် နေသည်. အရင်းအနှီးများ /အခြေအနေ ကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ – သီးနှံ					
သီးနှံအထွက်နှုန်း လျော့နည်းခြင်း	သီးနှံများပိုးကျခြင်း	စိုက်ပျိုးမြေများရှိခြင်း	တောင်သူများဝင်ငွေလျော့ နည်းခြင်း	မျိုးကောင်းမျိုးသန့်နှင့်စိုက်ပျိုးရေးနည်းပညာပေးဟောပြောပွဲများပြုလုပ်ရန်လိုအပ်ခြင်း	စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍နည်းပညာအကူအညီများရယူခြင်း
ကဏ္ဍ –ကျန်းမာရေး					
အရေးပေါ်အခြအနေတွင်ဆေးကုသရန် ခက်ခဲခြင်း	ကျေးလက်ကျန်းမာရေး ဆေးပေးခန်းလိုအပ်ခြင်း	ကျေးလက်ဆေးပေးခန်း ရှိသောကျေးရွာနှင့်(၂)ဖာလုံ ခန့်သာကွာဝေးရခြင်း	မြေနေရာမရှိခြင်း	ဆေးပေးခန်းရရန်အတွက် ကျန်းမာရေးဌာနသို့ တင်ပြရန်	သက်ဆိုင်ရာကျန်းမာရေးဌာနသို့ ကျေးလက်ဆေးပေးခန်းရရှိရန် တင်ပြခြင်း
ကဏ္ဍ–လမ်းတံတားလျှပ်စစ်					
ရွာတွင်းလမ်းမကောင်းခြင်း	မြေသားလမ်းဖြစ်၍ မိုးရာသီတွင်သွားလာရေးခက်ခဲခြင်း	ကျေးရွာမှလုပ်အားထည့်ဝင်နိုင်ခြင်း	လမ်းမကောင်း၍ရာသီမရွေးသွားလာရန်ခက်ခဲခြင်း	မြေသားလမ်းအားအဆင့် မြှင့်တင်ရန်	ကျေးလက်ဦးစီးဌာနနှင့်ပူး ပေါင်း၍ မြေသားလမ်းအား ကျောက်ချော လမ်းအဖြစ်အဆင့် မြှင့် တင်ရန်
ကမ်းပါးပြိုခြင်း	ရွာအရှေ့ပိုင်းစောမဲချောင်း		လယ်တောသို့	ရေကာတာပြုလုပ်ပေးရန် ရေကြောင်းဖြောင့်ပေးရန်	ဆည်မြောင်းဦးစီးဌာနသို့ရေကြောင်း ဖြောင့်ပေးရန်နှင့်

	ရေတိုက်စားခြင်း		သွားလာရာတွင် ခက်ခဲခြင်း	ဘောင်တင်ပေးရန်	ဘောင်တင်ပေးနိုင်ရန် တင်ပြခြင်း
ကဏ္ဍ–ပညာရေး					
ကျေးရွာတွင်	အလယ်တန်း	ကျေးရွာတွင်မူလတန်း		ပညာရေးဌာနနှင့်	ပညာရေးဌာနသို့မူလတန်းလွန်
မူလတန်း လွန်	ကျောင်းသားဦးရေ	အဆင့် ကျောင်းဆောင်		ချိတ်ဆက်၍ တင်ပြရန်	ကျောင်းအဆင့်တိုးမြှင့်ရန်အ
ကျောင်းမရှိခြင်း	များလာခြင်း	ရှိခြင်း			တွက်တင်ပြတောင်းခံခြင်း

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၅	၂၁	၃၆
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၄၃	၃၃	၇၆
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၀	၄၇	၈၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၆၃	၅၇	၁၂၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၈၁	၅၂၉	၁၀၁၀
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၅၆	၉၈	၁၅၄
စုစုပေါင်း		**၆၉၈**	**၇၈၅**	**၁၄၈၃**
စုစုပေါင်း အိမ်ထောင်စု		၂၇၃		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကုန်းသာကျေးရွာတွင် အိမ်ထောင်စု(၂၇၃)စုရှိပြီး လူဦးရေစုစုပေါင်း ၁၄၈၃ဦးရှိရာ မှ အလုပ်လုပ်နိုင်သူစုစုပေါင်း ၁၀၁၀ ရှိပြီး ၊သက်ကြီးရွယ်အို များမှာ ၁၅၄ဦး၊ ကျောင်းနေအရွယ် (၂၀၇) ရှိပြီး၊ ကလေးငယ် ၁၁၂ ၊ဦးရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၉၆၉.၃၇	သင့်	ရ	ဆည်မြောင်း

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
ယာမြေ				
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း	၉၆၉.၃၇			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ကုန်းသာကျေးရွာ၏ လယ်ယာမြေဧက ၉၆၉.၃၇ ရှိသည့် အနက် လယ်မြေမရှိသော အိမ်ထောင်မှာ ၈၅ ဦးရှိသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းတွင် ကျပန်းလုပ်သားများ အချိုးညီစွာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	-	-
ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊	သဲ (နည်း)	သဲ (လွယ်)

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကျောက်မီးသွေး၊ သဲ) စသည့်		
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)		
ပျက်မှုအပူချိန် -	ပျက်မှု မိုးရေချိန် -	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ကုန်းသာကျေးရွာ၏အရှေ့ဘက်တွင် ချောင်းရှိနေသည့်အတွက် ကျေးရွာတွင် အသုံးပြုရန် သဲများလုံလောက်စွာရှိနေပြီး လွယ်ကူစွာ အသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်နှင့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှု ဆိုင်ရာရှင်းလင်းဖော်ပြချက်
၁	လူငယ်အဖွဲ့ ဓမ္မစကြာ	၁□ ၂□ ၃□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	အဖိတ်နေ့တိုင်း ရွတ်ဖတ် ပူဇော်ပါသည်။
၂	ဓမ္မစကြာအသင်း	၁□ ၂□ ၃□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	အဖိတ်နေ့တိုင်း ရွတ်ဖတ် ပူဇော်ပါသည်။

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှု ဆိုင်ရာရှင်းလင်းဖော်ပြချက်
၃		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၄	ကုန်းသာလူငယ် အဖွဲ့ အစည်း	၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာအတွင်းရှိ နာရေးကိစ္စကူညီလုပ်ဆောင်၊ ငွေကြေးထောက်ပံ့
၅		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၆		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၇		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ကုန်းသာကျေးရွာမှာ အမျိုးသမီးများ ဦးဆောင်သည့် ဓမ္မစကြာအသင်းရှိပြီး လူငယ်အဖွဲ့မှာ သာရေး/နာရေး လူမှုဖွံ့ဖြိုးရေးများ ဆောင် ရွက်ပြီးရပ်မိ/ရပ်ဖအဖွဲ့ နှင့် ပေါင်းပြီး ကျန်းမာရေးနှင့်နာရေးများတွင်ငွေကြေးထောက်ပံ့မှု များ ပြုလုပ် နေ ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂၁နှင့် ၁၅ကြား	၁၀မှ ၇ကြား	၇မှ၃ကြား	၃အောက်/မရှိ
အိမ်အခြေအနေ	နံကပ်၂/ပျဉ် ၂	ပျဉ်၁/နံကပ် ၁	သွပ်/ကပ် ၂ထပ်	သွပ်ကပ်၁/တဲ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ရိတ်စက်/ထွန်စက် /ကား	ထော်လာကျီ	လက်တွန်းထွန်စက် /ရေစုပ်စက်	
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး	စိုက်ပျိုးရေး/အခြား	စိုက်ပျိုးရေး/အခြား/ ကျပန်း	ကျပန်း
အိမ်ထောင်စု	၃၂	၆၀	၉၆	၈၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ကုန်းသာကျေးရွာတွင် အိမ်ထောင် စု ၂၇၃ ဦးတွင် ပြေလည်သည့် ဦးရေ(၃၂)ဦး၊ အလယ်အလတ်တန်းစား (၆၀)ဦး၊ အသင့်အတင့်ဦးရေ (၉၆)ဦး ရှိသည့်အနက် မပြေလည်သည့် ဦးရေမှာ(၈၅)ဦးရှိ ကြောင်းလေ့လာတွေ့ရှိရပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၈၅	၃၁%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၄၆	၁၆.၈%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၆၂	၂၂.၇%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၇၃	၂၆.၇%	အလယ်အလတ်စားတောင်သူ

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၅	၁၂.၅ဧကအထက်(၅ဟတ်တာနှင့်အထက်)	၇	၂.၆%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၂၇၃	၁၀၀%	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ကုန်းသာကျေးရွာတွင် စိုက်ပျိုးဧကော ၉၆၉.၃၇ မှာနွေစပါးစိုက်ဧကော ၇၀ ရာခိုင်နှုန်းမိုးစပါးစိုက်ဧကော၈၀ရာခိုင်နှုန်းနှင့် အခြားသီးနှံ မှာ ၂၀ ရာခိုင်နှုန်း စိုက်ပျိုးလုပ်ကိုင်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
စပါး	၉၆၉.၃၇		၅၀	၈၀	၆၀	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ကုန်သာကျေးရွာ အုပ်စုမှ စပါးအထွက်နှုန်းအနည်းဆုံးမှာ မိုးများပြီး ရေနှစ်မြုပ်သည့် အချိန်သာဖြစ်ကြောင်းနှင့် ဆည်ရေနှင့် တူမြောင်းရေမှာ လွယ်ကူစွာ ရရှိခြင်းကြောင်းသီးထပ်စိုက်ပျိုးရေးမှာ ထွက်နှုန်းအသင့်အတင့်ကောင်းပြီးလယ် သမားတွေရဲ့ အကျိုးအမြတ်မှာအလယ် အလတ်ရရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၉၆	၃၂၉
နို့စားနွား		
ကျွဲ	၂၂	၇၀
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၂	၄
ကြက်	၂၁	၂၃၂
ဘဲ	၂	၃၀
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကုန်းသာကျေးရွာတွင် စိုက်ပျိုးမြေဧက ၉၆၉.၃၇ဧက ရှိပြီး အိမ်ထောင်စု (၂၇၃)စုတွင် တောင်သူဦးရေ (၁၈၈)ဦးရှိပြီး (၁၈၈)ဦးမှာကျွဲ၊နွားများဖြင့် ဆောင်ရွက်ပြီး ကျန်သူများမှာလက်တွက်ထွန်စက်များ ဖြင့် ဆောင်ရွက်နေကြောင်းလေ့လာတွေ့ရှိရပါသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး				
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	၁	ကပ ၂	၄	
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	၁	ကပ ၆	၆	
၇	လက်လီ–လက်ကား ရောင်းဝယ်ရေး	၁	ကပ ၅	၂	
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း	၁	ကပ ၆	၆	
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပညာရေး	၁	လသ ၁၃	၁၃	

၁၃	ကျန်းမာရေး	၁	လသ ၇	၇	
၁၄	လူမှုရေး လုပ်ငန်းများ	၁	ကုန်းသာလူငယ်	၃	
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	၁	လသ၃	၉	
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ကုန်းသာကျေးရွာအုပ်စုတွင် အိမ်ခြေ(၂၇၃) စုရှိပြီး ကျပန်းလုပ်ငန်းနှင့် အခြားဝင်ငွေရ လုပ်ငန်းများလုပ်ကိုင်နေသည့် ဦးရေမှာ ကျေးရွာ၏ (၃၀%) လောက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	ရေဦးဈေး	ရွှေဘိုဈေး
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင် √ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် √ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက် ☐
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် √ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် √ လှေ ☐ စက်လှေ ☐	ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် √ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကုန်းသာကျေးရွာတွင် အနီးဆုံးဈေးမှာ ရေဦးမြို့ စည်ပင်သာယာဈေးဖြစ်ပြီး ရွာမှ (၇/၀)မိုင်မှ (၁၀/၀)မိုင်အတွင်း ဖြစ်ပြီး ကျေးရွာသို့ သုံးဘီးဆိုင်ကယ်/ ဆိုင်ကယ် တို့ဖြင့် သယ်ယူ၍ ဝယ်ယူသုံးစွဲရပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁√ ၂□ ၃□ ၄□ ၅□	ကောင်း□ သင့် □ ညံ့ √	ပွင့်လင်း ရာသီ √ တစ်နှစ်ပတ်လုံး□	၀-၁ မိုင် √ ၁-၅ မိုင် □ ၅-၁၀ မိုင် □ ၁၀မိုင်အထက်□
ချဉ်းကပ်လမ်း	၁□ ၂ √ ၃□ ၄□ ၅□	ကောင်း□ သင့် □ ညံ့ √	ပွင့်လင်း ရာသီ □ တစ်နှစ်ပတ်လုံး□	၀-၁ မိုင် √ ၁-၅ မိုင် □ ၅-၁၀ မိုင် □ ၁၀မိုင်အထက်□
ရွာချင်းဆက်လမ်း	၁√ ၂□ ၃□ ၄□ ၅□	ကောင်း□ သင့် □ ညံ့ √	ပွင့်လင်း ရာသီ √ တစ်နှစ်ပတ်လုံး□	၀-၁ မိုင် √ ၁-၅ မိုင် □ ၅-၁၀ မိုင် □ ၁၀မိုင်အထက် □

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ ကုန်းသာကျေးရွာတွင်း၌ မြေသားလမ်းသာရှိပြီး မိုးအခါတွင် သွားလာရေးခက်ခဲပြီး ၂၀၁၈ခု(၆)လ ဘတ်ဂျက်ရွာသစ်ကျေးရွာမှကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ချဉ်းကပ်လမ်းကိုကျောက်ချောခင်းဆောင်ရွက်ထား၍ရာသီမရွေးသွားနိုင်သော်လည်းရွာချင်းဆက် လမ်းသည်မြေသားလမ်းဖြစ်နေသဖြင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးအတွက် လမ်းအဆင့်မြှင့်ရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ √	ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ √	ပွင့်လင်းရာသီ☐ တစ်နှစ်ပတ်လုံး☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကုန်းသာကျေးရွာသည် ရေကြောင်းသယ်ယူပို့ဆောင်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်			၂၅	၂၅၀	၁	၅	၂		၁၀၀

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကုန်းသာကျေးရွာအုပ်စုတွင် စိုက်ပျိုးရေးနှင့် လူမှုရေးလုပ်ငန်းများအား စွေးကွက်နှင့် ဆက်သွယ် သည့်အချိန်များတွင် ကားနှင့် ထော်လာကျီများသာ အသုံးပြုပြီး လူမှုရေးလုပ်ငန်းများအား ဆိုင်ကယ်များသာ အသုံးပြုနေရကြောင်း တွေ့ရှိရပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၁၀၆
ဆိုလာစနစ်	၁၀၄

ရင်းမြစ်	အိမ်ထောင်စု
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	၄၆
လျှပ်စစ်မီး အသုံးမပြုနိုင်သော	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကုန်းသာကျေးရွာတွင် အိမ်ထောင်စု ၂၇၃ စု ရှိသည့်အနက် (၁၀၆) ဦးမှာ အဟာခါတ်အား လိုင်းဖြစ်ပြီး (၁၀၄)ဦးမှာ ဆိုလာမီးစနစ်ဖြင့် သုံးစွဲပြီး ကျန်ဦးရေများမှာ အမျိုးအမည် ခွဲခြား ဖော်ပြခြင်းမပြုနိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	**၁၉၂**	**၂**	**၈၉**

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကုန်းသာကျေးရွာတွင် အိမ်ထောင်စု (၂၇၃)ရှိသည့်အနက် ကျောင်း နေအရွယ်ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကောင်းမွန်ကြောင်းလေ့လာတွေ့ရှိရပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၅၀	၆၂	၁၁၂
အလယ်တန်း	၄၀	၃၅	၇၅
အထက်တန်း	၃၃	၃၀	၆၃
တက္ကသိုလ်/ကောလိပ်	၈	၁၈	၂၆

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ

အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ ကုန်းသာကျေးရွာမှအိမ်ထောင်စု(၂၇၃) စုရှိသည့်အနက် ကျောင်းနေအရွယ်အား

လုံးကျောင်းတက်နေကြောင်းတွေ့ရှိရသည့်အပြင်မူလတန်းကျောင်းသာရှိ၍ကျေးရွာနှင့်မိုင်ဝက်ခန့်ဝေး သောချမ်းသာကျေးရွာအထက်တန်းကျောင်းသို့သွားရောက်ပညာသင်ကြားနေကြောင်းလေ့လာတွေ့ရှိပါသ ည်

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း √ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □	မူလတန်း √ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □	မူလတန်း √ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် √ စက်ဘီး √ ဆိုင်ကယ် □ ကား □	ခြေလျင် √ စက်ဘီး √ ဆိုင်ကယ် □ ကား □	ခြေလျင် √ စက်ဘီး √ ဆိုင်ကယ် □ ကား □
ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၁၁၃၄ စတုရန်းပေ		
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း□ သင့်□ ညံ့□	ကောင်း□ သင့်□ ညံ့□	ကောင်း□ သင့်□ ညံ့□
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်□ မလုံလောက်ပါ □	လုံလောက်မှုရှိသည်□ မလုံလောက်ပါ □	လုံလောက်မှုရှိသည်□ မလုံလောက်ပါ □
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း □ သင့် □ ညံ့ □ မရှိ □	ကောင်း □ သင့် □ ညံ့ □ မရှိ □	ကောင်း □ သင့် □ ညံ့ □ မရှိ □

အကြောင်းအရာ	(၁)			(၂)			(၃)		
၈။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐		
၉။ ကျောင်းဆရာ/မ ဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်	၁	၆	၇						
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကုန်းသာကျေးရွာမှာမူလတန်းကျောင်းသာရှိပြီးကျောင်းသား/ ကျောင်းသူ အရေအတွက်(၁၁၂)ဦးရှိပြီး ဆရာ/ဆရာမ (၇)ဦးဖြင့် ပညာသင်ကြားနေကြောင်း တွေ့ရှိရပါသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

#	*ရောဂါ*	*ပျံ့နှံ့မှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှော	*မြင့်*☐	*နိမ့်*√	*မရှိ*☐
၂	သွေးလွန်တုပ်ကွေး	*မြင့်*☐	*နိမ့်*√	*မရှိ*☐
၃	ငှက်ဖျား	*မြင့်*☐	*နိမ့်*√	*မရှိ*☐
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	*မြင့်*☐	*နိမ့်*☐	*မရှိ*√
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	*မြင့်*☐	*နိမ့်*☐	*မရှိ*√
၆	တီဘီ	*မြင့်*☐	*နိမ့်*√	*မရှိ*☐
၇	ဆီးချို	*မြင့်*☐	*နိမ့်*☐	*မရှိ*☐
၈	သွေးတိုး	*မြင့်*☐	*နိမ့်*☐	*မရှိ*☐
၉	အသည်းရောဂါ (ဘီ၊ စီ)	*မြင့်*☐ *မရှိ*√	*နိမ့်* ☐	
၁၀	အာဟာရ ချို့တဲ့မှု	*မြင့်*☐ *မရှိ*√	*နိမ့်*☐	
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	*မြင့်*☐ *မရှိ*√	*နိမ့်*☐	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကုန်းသာကျေးရွာအုပ်စုတွင် မိုးရာသီ၌ သွေးလွန်တုပ်ကွေးရောဂါ အနည်းငယ်သာဖြစ်ပွားပြီး ကျေးရွာရှိ သွေးတိုး/ဆီးချိုသမားများအတွက် ကျန်းမာရေး ဟောပြောပွဲများဆောင်ရွက်ရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	√	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	√	
၃	ပိုလီယိုရောဂါ	√	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	√	
၅	ဝက်သက်ရောဂါ	√	
၆	အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှုံမှု**	√	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)		
၈	အာဟာရ ပညာပေး အစီအစဉ်		√

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကုန်းသာကျေးရွာအုပ်စုမှာ ကျန်းမာရေးဆေးခန်းမရှိ ၊ကျန်းမာရေးဝန်ထမ်းမရှိသည့် အတွက် ချမ်းသာကျေးရွာအုပ်စုမှ ကျန်းမာရေး ဝန်ထမ်းများသာ ရွာသို့ လာရောက်ပြီး ဆောင်ရွက် ပေးကြောင်း လေ့လာတွေ့ရှိရပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	ရှိ □ မရှိ √
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □	ရှိ □ မရှိ □

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
	၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	ရှိ □ မရှိ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ကုန်းသာကျေးရွာသည်ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိ၍ ကျန်းမာရေးဝန်ဆောင်မှုကိုချမ်းသာရွာရှိကျန်းမာရေးဝန်ထမ်းမှဆောင်ရွက်ပြီးအခြားရောဂါများကို ရွာနှင့် ၁၀မိုင်ခန့်ဝေးသောရေဦးမြို့နယ်ဆေးရုံသို့လာရောက်ကုသကြောင်းလေ့လာတွေ့ရှိရပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း		ကောင်း□ သင့်□ ညံ့□	
အဝီစိတွင်း/ စက်တပ်		ကောင်း□ သင့်□ ညံ့□	
အဝီစိတွင်း/ တုံကင်	၁၆၅	ကောင်း√ သင့်□ ညံ့□	ရှိ
မိုးရေ သိုလှောင်ကန်		ကောင်း□ သင့်□ ညံ့□	
မြစ်/ချောင်းရေ		ကောင်း□ သင့်□ ညံ့□	

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေကန်		ကောင်း☐ သင့်☐ ညံ့☐	
စိမ့်စမ်းရေ		ကောင်း☐ သင့်☐ ညံ့☐	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြဓြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကုန်းသာကျေးရွာတွင် အိမ်ထောင်စု (၂၇၃)ရှိပြီး ၊ အဝီစိ/တုံကင်တွင်း (၁၆၅) တွင်းရှိပြီး ကျေးရွာမှ လူဦးရေနှင့် ညီမျှသည့်အပြင် သောက်သုံးရန်လည်း သင့်တော်သည်ဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	
ရေလောင်း/ယင်လုံအိမ်သာ	၂၀၈
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	၆၅

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကုန်းသာကျေးရွာတွင် အိမ်ထောင်စု (၂၇၃)စုရှိပြီး ၊ ကျန်းမာရေးအတွက် ယင်လုံအိမ်သာ (၂၀၈)လုံးသာရှိပြီး အိမ်သာမရှိ (၆၅)ဦးမှာအိမ်ကွင်းအတွင်း အိမ်ထောင်စု ကွဲပြားပြီး တွဲဖက်သုံး နေကြောင်းလေ့လာတွေ့ရှိ ရပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	မိုးများသည့်အခါ သီးနှံများ ရေနစ်/ပျက်စီး

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိုက်ပျိုးရေ)	
၃	ရေကြီးခြင်း	
၄	မိုးခေါင်ခြင်း	
၅	အအေးလွန်ကဲခြင်း	
၆	မုန်တိုင်း	
၇	ငလျင်	
၈	မီးဘေး	
၉	ဆားငန်ရေဝင်မြေ	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	
၁၁	သစ်တောပြုန်းတီးခြင်း	
၁၂	၄က်ဖျားရောဂါ	
၁၃	တီဘီရောဂါ	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	
၁၅	ပြည်တွင်း ပဋိပက္ခ	
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	
၁၇	လူကုန်ကူးခြင်း	
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကုန်းသာကျေးရွာအုပ်စုတွင် အိမ်နှင့် ဓိုက်ပျိုးမြေများမှာ မိုးများသည့်အခါတွင် စိုက်ခင်းများ ရေနစ်မြုပ်ခြင်း ၊ပျက်စီးခြင်း ၊ မိုးများသည့်အခါ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်

မြေဆီဩဇာအခြေအနေ	လတ်	သီးနှံများထိခိုက်မှုမရှိ
အပင်မျိုးစိတ်များ		
ရေအရင်းအမြစ်		
ငါးမျိုးကွဲများ		
အခြားတိရစ္ဆာန်မျိုးကွဲများ		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကုန်းသာကျေးရွာအုပ်စုမှ စိုက်ပျိုးမြေများသည် သီးနှံထွက်နှုန်း အသင့်အတင့်ရှိပြီး မြေဆီလွှာမှာလည်း အလယ်အလတ်ရှိပြီး ရေအရင်းအမြစ်မှာလည်း လက်တံတူးမြောင်းမှ နွေ/မိုးစပါးများမှာ အသင့်အတင့်ထွက်ရှိပြီး တိရိစ္ဆာန်အစာတွင်လည်း မြက်၊ပြောင်းစိုက်ပျိုးမြေများထဲမှာ အနည်းငယ်သာ ရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁၀ ကျား - မ ရေးရာ

ဇယား (၂၅) ကျား - မ ရေးရာ

#	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက် သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ* √	*မရှိ*□
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ* √	*မရှိ*□

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကုန်းသာကျေးရွာအုပ်စုမှ အမျိုးသမီးဓမ္မစကြာအဖွဲ့များ ၊လူမှုရေးအသင်းအဖွဲ့များ ပါဝင်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။